ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၅၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀) ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး - မှော်ဘီ မြို့နယ်ချင်းဆက်လမ်းအား ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး-မှော်ဘီ မြို့နယ်ချင်းဆက်လမ်းအား ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လှည်းကူး-မှော်ဘီ မြို့နယ်ချင်းဆက်လမ်းကို ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး-မှော်ဘီ မြို့နယ်ချင်းဆက်လမ်းဟာ လှည်းကူးမြို့နယ်၊ ကျွန်းကလေး-ရွှေမှန်တင်-ကျောက်အိုင်၊ မှော်ဘီမြို့နယ် ကြာကန်ကျေးရွာအုပ်စုအထိ ဖြစ်ပါတယ်။ အရှည်ကတော့ (၄)မိုင်နဲ့ (၅)ဖာလုံ ဖြစ်ပါတယ်။ ၎င်းလမ်းဟာ ၂၀၀၀ ပြည့်နှစ်မှစတင်ဖောက်လုပ်ခဲ့ပြီး ဂဝံကျောက်ခင်းလမ်း ဖြစ်ပါတယ်။ စတင်ဖောက်လုပ်စဉ်က မော်တော်ယာဉ်များ သွားလာနိုင်သဖြင့် လှည်းကူးမြို့နယ်မှ ထွက်ရှိသော ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်များကို မှော်ဘီအခွန်လွတ်ဈေးသို့ သွားရောက်ရောင်းချကြသော ဈေးသည်များ စိုက်ပျိုးတောင်သူများအတွက် ထောက်ကြန့်မြို့သို့ လှည့်ပတ်ရန် မလိုတော့ဘဲ အချိန်တိုအတွင်း အဆင်ပြေစွာ သွားလာနိုင်သည့်အပြင် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်သို့လည်း လွယ်ကူစွာဖြင့် သွားလာနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ အခုကျွန်တော်တို့ မြင်နေရတာတော့ မြို့နယ်ချင်းဆက်လမ်းပါခင်ဗျား။ အခုအခါမှာ အဆိုပါ မြို့နယ်ချင်းဆက်လမ်းဟာ နှစ်သက်တမ်း ကြာမြင့်လာသည့်အပြင် တစ်ကြိမ်တစ်ခါ ပြုပြင်ပေးခြင်းမရှိတဲ့အတွက် နွေအခါမှာ စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကားများသွားလာပြီး မိုးရာသီမှာ ရေကျော်ခြင်း၊ ရွှံ့နွံများထူပေါ်ခြင်းတို့ကြောင့် လုံးဝပျက်စီးပြီး ခြေလျင်သွားလာရန်ပင် အခက်အခဲ ရှိခဲ့ပါတယ်။

မြို့နယ်ချင်းဆက်လမ်း ကောင်းမွန်ပါက လှည်းကူး-မှော်ဘီ နှစ်မြို့နယ်လုံးရှိ တောင်သူလယ်သမားများ ဈေးရောင်းဈေးဝယ် သွားလာမှုအဆင်ပြေသည့်အပြင် နည်းပညာတက္ကသိုလ်မှော်ဘီတွင် ပညာသင်ကြားနေကြသော လှည်းကူးမြို့နယ်မှ ကျောင်းသူ/ကျောင်းသားများအနေဖြင့် မော်တော်ဆိုင်ကယ်များဖြင့် အချိန်တိုအတွင်း အဆင်ပြေစွာ သွားလာနိုင်ကြမယ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ မြို့နယ်ချင်းဆက် လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်း၍ ဒေသခံပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လှည်းကူး-မှော်ဘီမြို့နယ်ချင်းဆက်လမ်းပုံ (နန)




လှည်းကူး-မှော်ဘီမြို့နယ်ချင်းဆက်လမ်းပုံ (နန-၁)



လှည်းကူး-မှော်ဘီမြို့နယ်ချင်းဆက်လမ်းပုံ (နန-၂)




**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေး-ရွှေမှန်တင်-ကျောက်အိုင်လမ်း အရှည် (၃)မိုင် (၆)ဖာလုံ၊ မှော်ဘီမြို့နယ်၊ ကျောက်အိုင်မှ ကြာကန်စုလမ်းအရှည် (၀)မိုင် (၇)ဖာလုံ၊ စုစုပေါင်း လမ်းအရှည်(၄)မိုင် (၅)ဖာလုံ ရှိ၍ ကျွန်းကလေး-ရွှေမှန်တင်လမ်းအရှည် (၄)ဖာလုံမှာ ကွန်ကရစ် လမ်းခင်းထားပြီး၊ ကျန်လမ်းအရှည် (၄)မိုင် (၁)ဖာလုံ မှာ ဂဝံလမ်းအမျိုးအစား ဖြစ်ပါတယ်။

အဆိုပါ လှည်းကူး-မှော်ဘီမြို့နယ်ဆက်လမ်းအရှည် (၄)မိုင် (၁)ဖာလုံ၊ အကျယ်(၁၂)ပေ၊ (၇)လက်မထု ကွန်ကရစ်ခင်းခြင်းအတွက် ငွေကျပ်(၆၄၀.၆)သန်း ကုန်ကျမည်ဖြစ်ပြီး၊ အိမ်ခြေ(၂၁၃၉) အိမ်နှင့် လူဦးရေ(၁၀၁၅၉)ဦးတို့အား အကျိုးပြုမည်ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လှည်းကူး-မှော်ဘီမြို့နယ်ဆက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း လိုအပ်ငွေကျပ် (၆၄၀.၆)သန်းအား

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေတွင် ဦးစားပေးအလိုက် လျာထား သတ်မှတ် တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ခွင့်ပြုရန်ပုံငွေရရှိသည့် အချိန်တွင် အကောင်အထည် ဖော်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ကမ္ဘာပေါ်တွင် ရှေးအကျဆုံး နှစ်သန်းပေါင်း(၄၀)ခန့် သက်တမ်းရှိသည့် လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် အစီအစဉ် ရှိ/မရှိနှင့် လူသားမျိုးနွယ်စုများ၏ မည်သည့်မျိုးနွယ်မှ ဆင်းသက်လာသည်ဆိုသော ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ကမ္ဘာပေါ်တွင် ရှေးအကျဆုံး နှစ်သန်းပေါင်း (၄၀)ခန့် သက်တမ်းရှိသည့် လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် အစီအစဉ် ရှိ/မရှိနှင့် လူသားမျိုးနွယ်စုများ၏ မည်သည့်မျိုးနွယ်မှ ဆင်းသက်လာသည် ဆိုသောဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန် ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာပေါ်မှာ ရှေးအကျဆုံး နှစ်သန်းပေါင်း (၄၀)ခန့် သက်တမ်းရှိတဲ့ လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက် သုတေသနပြုရန် အစီအစဉ် ရှိ/မရှိနှင့် လူသားမျိုးနွယ်စုများရဲ့ မည်သည့်မျိုးနွယ်မှ ဆင်းသက်လာသည်ဆိုသော ဖြစ်စဉ်ကို ပြန်လည် သုံးသပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပရိုင်းမိတ်(Primate)ဆိုသည်မှာ လက်တင်ဘာသာစကား (Premier)မှ ဆင်းသက်လာခြင်း ဖြစ်ပါတယ်။ အဓိပ္ပာယ်မှာ ပထမဦးဆုံး ဉာဏ်အားဖြင့် မြင့်မားလာသူလို့ အဓိပ္ပာယ် ရပါတယ်။ ပရိုင်းမိတ်လို့ ခေါ်ရခြင်းမှာလည်း ၎င်းတို့မှာ အခြားသော သတ္တဝါတွေထက် ထူးခြားတဲ့ အင်္ဂါရပ်တွေပါရှိလို့ဖြစ်ပါတယ်။ ဒီပရိုင်းမိတ်တွေ မည်သို့ဖြစ်ပေါ်လာသည် ယခုအချိန်မှာ မည်သည့် နေရာမှာနေထိုင်တယ်၊ မည်သို့နေထိုင်သည်ကို လေ့လာတဲ့ ဘာသာရပ်ကိုတော့ ပရိုင်းမိတ်ဗေဒလို့ ခေါ်ပါတယ်။

၎င်းဘာသာရပ်ဟာ လွန်ခဲ့တဲ့ ရာစုနှစ် အနည်းငယ်ကနေစပြီးတော့ ခေတ်စားလာခြင်း ဖြစ်ပါတယ်။ လူမှလွဲပြီးတော့ အခြားသော ပရိုင်းမိတ်များဟာ တောထဲမှာ နေထိုင်ကြပြီးတော့ အမြီး ရှိကြပါတယ်။ ပရိုင်းမိတ်ဟာကျောရိုးရှိတဲ့ နို့တိုက်သတ္တဝါဖြစ်ပါတယ်။ ၎င်းတို့ဟာ အစာမရွေးစားသုံး နိုင်ပြီးတော့ အများအားဖြင့်တော့ အသီးအရွက်တွေကိုသာ စားသုံးကြပါတယ်။ လွန်ခဲ့တဲ့ နှစ်(၂)သန်းနဲ့ နှစ်(၈)ထောင်ကြားမှာ ကမ္ဘာပေါ်မှာ လူဆိုပြီးတော့ စတင်ဖြစ်ပေါ်လာပါတယ်။ အနီးဆုံးကိုတင်ပြရ ရင်တော့ ကမ္ဘာပေါ်မှာ လူဆိုပြီးဖြစ်ပေါ်လာတာဟာ နှစ်(၁)သန်းခန့်ရှိပြီလို့ ဆိုပါတယ်။

ရှေးဦးလူသားမျိုးနွယ်တွေရဲ့ မူလအခြေခံဖြစ်တဲ့ အဆင့်နိမ့် ပရိုင်းမိတ်များအပြင် နှစ်သန်းပေါင်း(၆၀)ကနေ (၄၀)အတွင်း ဆင့်ကဲဖြစ်စဉ် လမ်းကြောင်းအရ တရွေ့ရွေ့ပြောင်းလဲ တိုးတက်လာခဲ့ပါတယ်။ နှစ်သန်းပေါင်း(၁၂)သန်းမှာ အဆင့်မြင့် ပရိုင်းမိတ်များ ပေါ်ပေါက်လာပါတယ်။ ပရိုင်းမိတ်များဟာ သက်ရှိမျိုးစိတ်ပေါင်း(၂၀၀)ခန့်ရှိပြီးတော့ ရှေးကျတဲ့ ပိုးမွှားစားသစ်ပင်နေ Tree Shrews များမှစပြီးတော့ အဆင့်မြင့်ပြီးတော့ ရှုပ်ထွေးတဲ့ လူအဆင့်အထိ အမျိုးမျိုးကွဲပြားပါတယ်။ လူသားတို့ရဲ့ မူလအစကို လေ့လာရာမှာ အထောက်အကူဖြစ်စေမယ့် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းတွေကို ၁၉၁၄ ခုနှစ်၊ ပုံတောင်ကျောက်လွှာစုကနေပြီးတော့ စတင်တွေ့ရှိပါတယ်။ အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းဟာ သက်တမ်းအားဖြင့် လွန်ခဲ့တဲ့ နှစ်သန်း(၄၀)ကျော်ခန့်ကဖြစ်ပြီးတော့ အဆင့်မြင့် ပရိုင်းမိတ်၊ လူတူ ပရိုင်းမိတ်လို့ လက်ခံခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ(၂၆)ရက်နေ့မှာ မြန်မာ-အမေရိကန် ပူးပေါင်းရှာဖွေလေ့လာရေးအဖွဲ့ရဲ့ ထူးခြားတဲ့ တွေ့ရှိမှုဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဗဟင်းရွာအနောက်မြောက်ဘက် (၃)မိုင်ခန့်အကွာ တောင်ကုန်းတစ်နေရာ ကနေပြီးတော့ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း အပိုင်းအစတွေကို ရှာဖွေတွေ့ရှိခြင်းဖြစ်ပါတယ်။ ပညာရှင်များက အသေးစိတ်လေ့လာကြည့်တဲ့အခါမှာ ပရိုင်းမိတ်ရဲ့ လက်မောင်းရိုးဖြစ်ကြောင်းကို သိရှိရပါတယ်။ ဒီလက်မောင်းရိုးဟာ သတ္တဝါတစ်ကောင်တည်းရဲ့ ဘယ်ညာတစ်စုံဖြစ်ကြောင်းကိုလည်း အတည်ပြုနိုင်ပါတယ်။ အမေရိကန်ပညာရှင်များရဲ့ တွေ့ရှိချက်က ၎င်းလက်မောင်းရိုးဟာ အာရှတိုက်မှာ ပထမဆုံး ရှာဖွေတွေ့ရှိတဲ့ လက်မောင်းရိုးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

မြိုင်မြို့နယ်၊ ဗဟင်းရွာရဲ့မြောက်ဘက် ပေါက်ခေါင်းရွာနဲ့ ကျစ်ချောင်ဧရိယာအတွင်းမှာ ပရိုင်းမိတ်အံသွားတစ်ချောင်းကိုလည်း ထပ်မံတွေ့ရှိပါတယ်။ ပထမတွေ့ရှိထားတဲ့ အဆင့်မြင့်လူတူ ပရိုင်းမိတ် တွေ့ရှိခဲ့သောနေရာနဲ့ သိပ်မဝေးတဲ့ နေရာကနေတွေ့ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာတွေမှာ လူတူပရိုင်းမိတ်များ အုပ်စုဖွဲ့ပြီး နေထိုင်ကျက်စားတယ်လို့ ယူဆနိုင်စရာ အထောက်အထားတွေလည်း ဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့မှာ မြန်မာ-ဂျပန် ပူးပေါင်းပညာရှင်အဖွဲ့အနေနဲ့ ဗဟင်းရွာအနီးကနေပြီးတော့ ပရိုင်းမိတ်ဘယ်ဘက်အောက်မေးရိုးနဲ့အတူ အံသွားအမှတ်(၁)နှင့် (၂)၊ ရှေ့သွား အမှတ်(၄)၊ ရှေ့အစွယ်သွားတစ်ချောင်း၊ ရှေ့သွားအမှတ်(၂) တို့ကိုလည်းကောင်း၊ ပရိုင်းမိတ်၏ ညာဘက်အပေါ်မေးရိုးနှင့် အံသွားအမှတ်(၂)နှင့် အမှတ်(၃)ပါ အစိတ်အပိုင်းတစ်ခုနှင့် ပရိုင်းမိတ်၏ ညာဘက်အံသွားအမှတ်(၁)တို့ကိုလည်းကောင်း ထပ်မံပြီးတော့ ပရိုင်းမိတ်၏ ဘယ်ဘက် အံသွားအမှတ်(၂)ရဲ့ အမြစ်နှင့် အံသွားအမှတ်(၃)ပါဝင်တဲ့ အောက်မေးရိုး အပိုင်းအစတစ်ခုတို့ကို ထပ်မံတွေ့ရှိပါတယ်။

နိုဝင်ဘာ(၁၄)ရက်နေ့မှာတော့ ပန်းကန်ကျေးရွာအနီးကနေ ပရိုင်းမိတ်၏ ဘယ်ဘက်အပေါ် အံသွားအမှတ်(၁)၏ အစိတ်အပိုင်း၊ အံသွားအမှတ်(၂)(၃)တို့၏ အစိတ်အပိုင်းတွေ ပါဝင်တဲ့ မေးရိုး အပိုင်းအစနှင့် အပေါ်ရှေ့အံသွားအမှတ်(၁)၊ စွယ်သွားရှေ့ အံသွားအမှတ်(၃)(၄)တို့ကိုလည်း ရှာဖွေတွေ့ ရှိပါတယ်။ နိုဝင်ဘာ(၁၅)ရက်နေ့မှာ မြိုင်မြို့နယ် ပေါက်ခေါင်းကျေးရွာအနီး ပေါက်ခေါင်း ကျစ်ချောင်အမှတ်(၂)နေရာမှာ ပရိုင်းမိတ်၏ အံသွားအမှတ်(၁)(၂)(၃)နှင့် ရှေ့သွားအမှတ်(၄)တို့ ပါဝင်တဲ့ ညာဘက်အပေါ်မေးရိုး အစိတ်အပိုင်းနှင့် ဦးခေါင်းခွံ အရိုးပြား ထိပ်ပိုင်းတို့ကို တွေ့ရပါတယ်။


ဒီတွေ့ရှိချက်အားလုံးဟာ သတ္တဝါတစ်ကောင်တည်း၏ အစိတ်အပိုင်း ဖြစ်နိုင်တယ် ဆိုသော အချက်ဖြစ်ပါတယ်။ ဒီအပေါ်မေးရိုးနှင့် ဦးခေါင်းရိုးတွေ့ရှိချက်များသည် ပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။ မြန်မာ-ဂျပန် ပူးပေါင်းအဖွဲ့နှင့် မြန်မာ-ပြင်သစ် ပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည့် ဗဟင်းနီးယားရပ်ကွင်းမှ တစ်ကောင်တည်းသော အောက်မေးရိုး ဘယ်ဘက်အခြမ်းကိုလည်း ရှာဖွေတွေ့ရှိပါတယ်။ ပညာရှင်နှစ်ဖွဲ့ တွေ့ရှိချက်ကြောင့် အောက်မေးရိုး ဘယ်ညာအပြည့်အစုံ ဖြစ်သွားပြီးတော့ ပြည့်စုံစွာ သုတေသနပြုနိုင်ပြီး ကမ္ဘာသို့ ကြေညာအသိပေး နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ပြင်သစ်ပညာရှင်တွေ အဖွဲ့က ပြင်သစ်နိုင်ငံ ပညာရှင်များအပြင် အာဖရိကတိုက်၊ မော်ရိုကို နိုင်ငံမှ ပညာရှင်နှင့် ထိုင်းနိုင်ငံမှ ပညာရှင်များဟာ ဗဟင်းနီးယားဟာ နှစ်သန်းပေါင်း(၄၀) သက်တမ်းရှိသည့် ပရိုင်းမိတ်ဖြစ်ပါတယ်။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး လူတူပရိုင်းမိတ်အဖြစ် မြန်မာတို့ရဲ့ ဇာတိ၊ ပုညဂုဏ်မာနအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံများဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ ပရိုင်းမိတ်တစ်ကောင်ရဲ့ လက်မောင်းရိုး ဘယ်ညာအစုံ ဖြစ်ပါတယ်။ မြန်မာ-အမေရိကန်တွေ့ရှိချက် ဖြစ်ပါတယ်။ ဒါကတော့ အောက်မေးရိုးအစုံ ဗဟင်းကတွေ့တာဖြစ်ပါတယ်။ ဒါကတော့ မြန်မာ-ပြင်သစ်တွေ့ရှိချက်များဖြစ်ပါတယ်။ ဒါကတော့ မိချောင်းရဲ့ အစွယ်မေးရိုးနဲ့ သွားများဖြစ်ပါတယ်။ ဝက် မူလမျိုးနွယ်စုတို့ရဲ့ မေးရိုးနဲ့ အံသွားများဖြစ်ပါတယ်။ ဖွတ်မူလမျိုးနွယ်ရဲ့ မေးရိုးနဲ့ အံသွားတွေဖြစ်ပါတယ်။ ကြံ့မူလမျိုးနွယ်ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ပါတယ်။ အသားစား သတ္တဝါတွေက ဒါ အပေါ်မေးရိုးအစွယ်နဲ့ သွားများပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ငါး ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ပါတယ်။ ဒါ လိပ်ရဲ့အရိုးမာချပ်ပြားပုံတွေ ဖြစ်ပါတယ်။ ဒါ သတ္တဝါတွေရဲ့ မစင်ကျောက်ဖြစ်ရုပ်ကြွင်းတွေဖြစ်ပါတယ်။ ဒီပုံကတော့ ဒါ သစ်ရွက်ကျောက် ဖြစ်ရုပ်ကြွင်းပုံများ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာတစ်နိုင်ငံလုံး တစ်မျိုးသားလုံး ဂုဏ်ယူဖွယ်ရာ လွန်ခဲ့တဲ့ နှစ်သန်း(၄၀) ခန့်က လူတူပရိုင်းမိတ်များတွေ့ရှိခြင်းကို ဆက်လက်သုတေသနပြုဖို့ အစီအစဉ် ရှိ/မရှိ နှင့် လူသားမျိုးနွယ်စုများဟာ မည်သည့်မျိုးနွယ်မှ ဆင်းသက်လာသည်ဆိုသော ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိကို အများပြည်သူကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပရိုင်းမိတ်တစ်ကောင်၏ လက်မောင်းရိုး ဘယ်/ညာ တစ်စုံ (မြန်မာ-အမေရိကန်) (ပပ)





အင်ဖိပီသီးကပ်၏ အောက်မေးရိုးအစုံ (ဗဟင်း) (ပပ-၁)



ဗဟင်းနီးယားပုံတောင်ဂျန်းစစ်အပေါ်မေးရိုးများ (ပပ-၂)

(မြန်မာ- ပြင်သစ်)




အောက်မေးရိုး (မြန်မာ-ပြင်သစ်)



**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းသည့် မေးခွန်း နှင့် ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း မဖြေခင် ပထမဆုံး တင်ပြလိုတာကတော့ ယနေ့ မေးခွန်းမေးပေးပါသော ဦးစောမော်ထွန်းနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဒီမေးခွန်းမေးပေးခြင်းအတွက် ကျေးဇူးအများကြီးတင်ရှိပါတယ်။ မေးခွန်းကို အခုလို နီးနီးကပ်ကပ် ထပ်မံပြီးတော့မှ ပုံများနဲ့ တွေ့ရတဲ့အခါမှာ ပိုမိုပြီးတော့လည်း ကျေးဇူးတင်ကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကမ္ဘာပေါ်မှာ ရှေးအကျဆုံး နှစ်သန်းပေါင်း(၄၀)ခန့် သက်တမ်းရှိတဲ့ လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ အစီအစဉ်မရှိပါဘူးခင်ဗျား။

သို့သော်ငြားလည်း ဆောင်ရွက်ခဲ့တဲ့ အစီအစဉ်များကိုတော့ဖြင့် ကျွန်တော် တင်ပြခွင့်ပြုပါ။ ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းရှာဖွေလေ့လာမှု နောက်ခံသမိုင်းအကျဉ်းနှင့် ပတ်သက်ပြီး ၁၉၇၈၊ ဧပြီလမှစတင်ပြီးတော့ ပညာရေးဝန်ကြီးဌာန၊ မန္တလေးတက္ကသိုလ် ဘူမိဗေဒ ဌာနမှ ဦးဘမော် နှင့် ဘူမိဗေဒ ကျောင်းသားအဖွဲ့သည်လည်းကောင်း၊ ၁၉၇၈ ခုနှစ်၊ စက်တင်ဘာလ တွင်လည်းကောင်း၊ ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာပတ်ဝန်းကျင်တွင် ရှာဖွေခဲ့ပါတယ်။ ပုံတောင် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေသုတေသနပြုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူသားမျိုး နွယ်အစ မြန်မာက ဟူသော အထောက်အထားများ ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး ဌာနမှ ဘူမိဗေဒပညာရှင်(၅)ဦးပါဝင်သော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့ကို ၁၉၉၇ ခု၊ မတ်လတွင် ဖွဲ့စည်းခဲ့ပြီး အောက်ပါအတိုင်း ပရိုင်းမိတ်သုတေသန လုပ်ငန်းများကို နှစ်တို ဆောင်ရွက်ခဲ့ပါတယ်။

(က) နိုင်ငံတကာ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်ဖြစ်သော အမေရိကန်ပညာရှင် Dr. Russel Ciochon နှင့် Dr. Pactria Holryod တို့သည် ပုလဲမြို့နယ်၊ မိုးကောင်းရွာနဲ့ မြိုင်မြို့နယ် ဗဟင်းရွာပတ်ဝန်းကျင်တွင် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် လည်းကောင်း၊ (ခ)၁၉၉၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံ မောင့်ပေလီယေးတက္ကသိုလ်မှ ပါမောက္ခ Dr. Jean Jacques JAEGER ဦးဆောင်သော အဖွဲ့ဝင်(၅)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်အဖွဲ့သည် ပုလဲမြို့နယ် မိုးကောင်းရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းရွာဒေသတစ်ဝိုက်တွင်လည်းကောင်း၊ (ဂ) ၁၉၉၈ ခု နှစ်၊ နိုဝင်ဘာလတွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ Dr. Nobuco Shigehara နှင့် အဖွဲ့ဝင်(၂)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် အဖွဲ့သည် ပုလဲမြို့နယ် မိုးကောင်းရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းရွာပတ်ဝန်းကျင် ဒေသများတွင်လည်းကောင်း၊ (ဃ) ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံ မောင့်ပေလီယေးတက္ကသိုလ်မှ ပါမောက္ခ Dr. Jean Jacques JAEGER ဦးဆောင်သော အဖွဲ့ဝင်(၄)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်အဖွဲ့သည် ပုလဲမြို့နယ် မိုးကောင်းရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းရွာပတ်ဝန်းကျင်တွင်လည်းကောင်း၊ (င)၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပြင်သစ်နိုင်ငံ မောင့်ပလီ ယေးတက္ကသိုလ်မှပင် ပါမောက္ခ DR Jean Jacques JAEGER ဦးဆောင်သော အဖွဲ့ဝင် (၅)ဦး ပါဝင်သော ပညာရှင်အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းရွာပတ်ဝန်းကျင်တွင် လည်းကောင်း၊ (စ) ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ Dr Nobuco Shigehara နှင့် အဖွဲ့ဝင် (၃)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာနှင့် မြိုင်မြို့နယ် ဗဟင်းရွာပတ်ဝန်းကျင်ဒေသများတွင်လည်းကောင်း၊ (ဆ) ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံမှ မောင့်ပလီယေး တက္ကသိုလ်မှ ပါမောက္ခ Dr Jean Jacques JAEGER ဦးဆောင်သော အဖွဲ့ဝင် (၄)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းရွာနှင့် ရွှေဘိုခရိုင် မလည်ကျေးရွာ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ (ဇ) ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ Dr M Takai ဦးဆောင်သော အဖွဲ့ဝင် (၃)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာ၊ မြိုင်မြို့နယ်၊ ဗဟင်း ကျေးရွာနှင့် ပေါက်မြို့နယ် အတွင်းတွင်လည်းကောင်း၊ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများကို ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ (ဈ) ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံ မောင့်ပေလီယေးတက္ကသိုလ်မှ ပါမောက္ခ Dr.Jean Jacques

JAEGER ဦးဆောင်သော အဖွဲ့ဝင်(၄) ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းရွာ ပတ်ဝန်းကျင်ဒေသများတွင်လည်းကောင်း၊ (ည) ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ်မှ ပါမောက္ခ Dr. Nobuco Shigehara နှင့်အဖွဲ့ဝင် (၃)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာပတ်ဝန်းကျင်တွင်လည်းကောင်း၊ (ဋ) ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံ မောင့်ပေလီယေးတက္ကသိုလ်မှ ပါမောက္ခ Dr. Jean Jacques JAEGER ဦးဆောင်သော အဖွဲ့ဝင်(၅)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်အဖွဲ့သည် ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ် ရုပ်ကြွင်း ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများကို ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာနှင့် မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ (ဌ) ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ Dr.M.Takai ဦးဆောင်သောအဖွဲ့ဝင် (၃)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်အဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာ၊ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာပတ်ဝန်းကျင်တွင် လည်းကောင်း၊ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး နှစ်သန်းပေါင်း (၄၀)ခန့်သက်တမ်းရှိသည့် လူတူ ပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ၂၀၀၅ ခုနှစ်မှစ၍ ယခုနှစ် မတ်လအထိ ယဥ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက် ဦးစီးဌာနမှ ပရိုင်းမိတ်လေ့လာသည့် ဝန်ထမ်းများ၊ ပညာရေးဝန်ကြီး ဌာန၊ ဘူမိဗေဒဌာနများမှ ပရိုင်းမိတ်ကျွမ်းကျင်သူများ ပူးပေါင်း၍ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံ မောင့်ပေလီယေးတက္ကသိုလ်မှ ပါမောက္ခ Dr. Jean Jacques JAEGER ဦးဆောင်သော အဖွဲ့ဝင် (၄)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင် အဖွဲ့သည် ယဥ်ကျေးမှုဝန်ကြီးဌာနမှ အဖွဲ့ဝင်(၁)ဦး၊ ပညာရေးဝန်ကြီးဌာနမှ အဖွဲ့ဝင် (၁)ဦးနှင့် ပြင်ပ ပညာရှင်များမှ အဖွဲ့ဝင်(၃)ဦးတို့သည် မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာဒေသပတ်ဝန်းကျင်တွင် ပုံတောင် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းရှာဖွေရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။

ပြင်သစ်နိုင်ငံ၊ University of Poitiers မှ ပါမောက္ခ Dr. Jean Jacques JAEGER ဦးဆောင်သောအဖွဲ့ဝင် ပြင်သစ်နိုင်ငံသား ပရိုင်းမိတ်ပညာရှင်(၃)ဦး၊ အမေရိကန်နိုင်ငံသား ပရိုင်းမိတ် ပညာရှင် (၁)ဦး၊ ထိုင်းနိုင်ငံသား ပရိုင်းမိတ်ပညာရှင်(၄)ဦးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်း၍ ၂၀၀၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ မြိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ၊ ပုလဲဒေသများသို့လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲဒေသများသို့လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် မကွေးတိုင်း ဒေသကြီး၊ မြိုင်၊ ရေနံချောင်း၊ ဆိပ်ဖြူနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်း၊ ကလေးဝဒေသများသို့ လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်၊ ရေနံချောင်း၊ ဆိပ်ဖြူ ပုံတောင် ကျောက်လွှာစု၊ ဧရာဝတီ ကျောက်လွှာစုဒေသများသို့လည်းကောင်း၊ ၂၀၁၂ ခုနှစ် တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်နှင့် စစ်ကိုင်း တိုင်းဒေသကြီး၊ ဂန့်ဂေါ၊ ပုလဲ၊ ကလေးဝ၊ မော်လိုက်၊ မင်းကင်း၊ ရေဦးဒေသများသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝဒေသများ သို့လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်၊ ဗဟင်း၊ ပေါက်ကောင်း၊ ညောင် ပင်လယ်၊ ကန်လယ်၊ မကျီးကန်၊ ရေနံချောင်း နှင့် ရှမ်းပြည်နယ်တို့တွင် လည်းကောင်း၊ သုတေသန ပြုခဲ့ပြီး ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်အတွင်းရှိ သစ်ချောက်ကျောက်မီးသွေး သတ္တုတွင်း အနီးတစ်ဝိုက်ဒေသများနှင့် ပုံတောင်ဒေသပတ်ဝန်းကျင်တွင် ပုံတောင်ကျောက်လွှာစု

ဖြစ်တည်မှုကို တူးဖော်လေ့လာသုတေသနပြုခြင်းတို့ကို ၈-၁-၂၀၁၅ ရက်နေ့မှ ၃-၂-၂၀၁၅ ရက်နေ့ အထိ ကျောက်ဖြစ်ရုပ်ကြွင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံ၊ တိုကျိုတက္ကသိုလ် Primate Research Institute မှ Masanaru TAKAI ဦးဆောင်သည့် အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ်မှ Dr.M.Takai ဦးဆောင်သော အဖွဲ့ဝင်(၄)ဦးပါ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်အဖွဲ့သည် ပေါက်မြို့နယ်အတွင်းသို့ လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ မြိုင်၊ ပေါက်ကောင်း၊ ညောင်ပင်လယ်၊ သဒ္ဒတ်ရွာ ဒေသများသို့လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့၊ ပေါက်မြို့ ပခုက္ကူ ဗဟင်းရွာ၊ မကျီးကန်ရွာဒေသများသို့လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့၊ ပုလဲမြို့၊ ဆိပ်ဖြူမြို့၊ ပေါက်မြို့ဒေသများသို့လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် မကွေးတိုင်း ဒေသကြီး၊ ပေါက်မြို့၊ ဆိပ်ဖြူမြို့၊ ဝွေးပင်၊ ချောက်မြို့၊ မြိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးသို့လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ပေါက်၊ ဆိပ်ဖြူမြို့၊ မကွေး မြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးသို့လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့၊ ပခုက္ကူ ဆိပ်ဖြူမြို့၊ ပေါက်မြို့ဒေသများသို့လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပခုက္ကူ ဆိပ်ဖြူမြို့၊ ချောက်ဒေသများသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ် တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပခုက္ကူ ဆိပ်ဖြူမြို့၊ ပေါက်မြို့ဒေသများသို့လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်သို့လည်းကောင်း သွားရောက်သုတေသနပြုခဲ့ပြီး ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းသာနှင့် ကန့်ဘလူမြို့နယ် များ၌ ၉-၂-၂၀၁၅ ရက်နေ့မှ ၅-၃-၂၀၁၅ ရက်နေ့ အထိ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းသုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

လူသားဆင့်ကဲဖြစ်စဉ်ကို ယခင်မြန်မာသမိုင်းအဖွဲ့ဝင်၊ ဒေါက်တာသန်းထွန်း က အဆင့်နိမ့်ပရိုင်းမိတ်မှ လူသားဖြစ်တည်လာပုံအဆင့်ဆင့်ကို သုတေသနပြု၍ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေသော မြန်မာသမိုင်းပုံဟူသောစာအုပ်တွင်လည်း ဖော်ပြထားသည်ကို တွေ့ရပါတယ်။ လူသားမျိုးနွယ်စုများ၏ မည်သည့်မျိုးနွယ်က ဆင်းသက်လာသည်ဆိုသောဖြစ်စဥ်အား ယဉ်ကျေးမှုဝန်ကြီးဌာနက ယခင်ကလည်း မသုံးသပ်၊ မပြောဆိုခဲ့ဘူးပါသဖြင့် ပြန်လည်သုံးသပ်ရန်လည်း မရှိပါကြောင်း၊ ဘုရားရှင်၏ အတွေးအခေါ် ဉာဏ်အရသာ ယုံကြည်သူများက သတ္တဝါတို့၏အစ၊ စကြဝဠာ၏အစကို မကြံစည်အပ်ကြောင်း ဆုံးမသည်ဟု သိရှိထားပါတယ်။ သို့ဖြစ်ပါ၍ ယဥ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သုံးသပ်ရန်အစီအစဥ် မရှိပါကြောင်းတင်ပြလိုပါတယ်။ ဆက်လက်လုပ်ဆောင်ရန် အခြေအနေနဲ့ ပတ်သက်လို့ကတော့ ပြင်သစ်နိုင်ငံကပညာရှင်များ၊ ကျိုတိုတက္ကသိုလ်က ပညာရှင်များက စဥ်ဆက်မပြတ် ဆက်သွယ်မှုရှိနေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီဟာကိုလုပ်ရိုးလုပ်စဥ် လုပ်ငန်းတစ်ခုအဖြစ်နဲ့ အမြဲတမ်း ဆောင်ရွက်နေလျက် ရှိကြောင်းလည်း ဖြေကြားလိုပါတယ်။ ဗဟင်းမှာရှိတဲ့ ပရိုင်းမိတ်များနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ ယခုနှစ် ဘဏ္ဍာရေးခွဲဝေရန်ပုံငွေမှာ ဗဟင်းပရိုင်းမိတ်ပြတိုက်ကို ဆောင်ရွက်ခွင့်ရပြီးဖြစ်တဲ့အတွက် ဒါကိုလည်းပဲ ဗဟင်းမှာပဲ ဆောက်လုပ်သွားရန် အစီအစဥ်များ ရှိပါတယ်။ ဒီနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မေးခွန်းရှင် ဦးစောမော်ထွန်း ၏ မေးခွန်းကို ကျွန်တော်တို့ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်တကွ နှိုင်းယှဉ်ဖြေကြားပြီးစီးပါကြောင်းနှင့် မေးခွန်းမေးမြန်းပေးတာကိုလည်း ကျေးဇူးတင်ပါကြောင်း ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်ကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဗိုလ်မှူးကြီးခင်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးကို တက်ရောက်လာတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>
ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ်<br>
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၃၂၁<br>
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်

၁။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁-၆-၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာတင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ နှင့် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်တို့က ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် ကိုယ်စားလှယ်(၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၄-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ) ၏အောက်တွင် အပိုဒ်ခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(ဂ) ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လေ့လာ သုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ အစိုးရဌာန အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက် အအုံကို ဆိုသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၄၊ ခြေဆင်းကို ပိုမိုကျစ်လစ်မှုရှိစေရန်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည်ဟု လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(င)ကို အပိုဒ်၆၊ အပိုဒ်ခွဲ(ဃ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ရှေးဟောင်းဝတ္ထု ပစ္စည်းများကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းထားရှိခြင်း ဆိုသည့်စကားရပ်ကို ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်းဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၄)နှင့် အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော ရှေးဟောင်း ဝတ္ထုပစ္စည်း သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို စီးပွားရေးအလို့ငှာ ဆိုသည့် စကားရပ်ကို ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေးအလို့ငှာ ရှေးဟောင်း ဝတ္ထုပစ္စည်း၏ပုံကိုဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်၂၁ ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော နိုင်ငံတော် အကျိုးငှာသိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ်ကို နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ထို့အပြင် ဥပဒေတစ်ရပ်လုံးတွင် စကားရပ်များပြောင်းလဲခြင်း၊ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပြောင်းလဲသွားသော အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ပြီး ဖြစ်ပါသည်။ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းအသေးစိတ်တို့ကို ကန့်လန့်ဖြတ်ဇယား နှင့်အတူ ကိုယ်စားလှယ်များထံ ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ သဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င)

၁။ ဤဥပဒေကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်း ဆိုသည်မှာ မြေပေါ်တွင် ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း(၁၀၀)နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ အပါအဝင် လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကို ဆိုသည်။

(ခ) မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်း ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ အကြောင်းတစ်ရပ်ရပ်ကြောင့် ရောက်ရှိနေသည့် ရှေးဟောင်း ဝတ္ထုပစ္စည်းကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

(ဂ) ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာ ပေးရန်အတွက် ခင်းကျင်းပြသခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တစ်ခုခုကဖြစ်စေ ပုဂ္ဂလိက ကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံကိုဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

(ဃ) ကာကွယ်ထိန်းသိမ်းခြင်း ဆိုသည်မှာ အခွန့်ရှည် တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဖုံးအုပ်ကာကွယ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းနှင့် ဓာတုဗေဒနည်း အပါအဝင် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(င) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ယဉ်ကျေးမှုဝန်ကြီး ဌာနကိုဆိုသည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အပိုဒ် ၃ (ခ)(ဂ)(ဃ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီး ပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်း ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည် ခံယူနိုင်ကြစေရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (ခ)(ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဃ)(င)(စ)(ဈ)(ဎ)(ဏ)(တ)

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ဟု သတ်မှတ်သည် -

(ဂ) အများပြည်သူ ယုံကြည်ကိုးကွယ်ရာ သာသနိက အဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ အပါအဝင် အနုပညာလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သော်လည်းကောင်း၊ အရိုး၊ အစွယ်၊ ဦးချို၊ သစ်သား သို့မဟုတ် ဝါးဖြင့် သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(င) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသော ဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့် ပြုလုပ်ထားသော ဒင်္ဂါးနှင့် ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့် ငွေခွက်များ အပါအဝင် ငွေကြေးအဖြစ် ထုထွင်းသွန်းလောင်းထားသော ဝတ္ထုပစ္စည်းများ၊

(စ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တု တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သား၊ အရိုး သို့မဟုတ် ဦးချို၊ အစွယ်ဖြင့် သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများ အပါအဝင် ထုဆစ်ထားသော ဝတ္ထုစ္စည်းများ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဥ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေစာ၊ ပုံနှိပ်စာ၊ ပေ၊ ပုရပိုက်၊ အက္ခရာ၊ တံဆိပ်တုံးနှင့် တံဆိပ်များ အပါအဝင် စာပေဆိုင်ရာပစ္စည်းများ၊

(ပ) အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များ အပါအဝင် အချိန်အတွယ် အတိုင်းအတာ အဖြစ် အသုံးပြုသော ကိရိယာများ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူမှုအသုံးအဆောင်ပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဥ့်အိုး၊ စဥ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့် ကြွေခွက်များ၊ အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (ဂ) (ဃ)(င)(စ)(ဈ)(ပ)(ဏ)(တ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဃ)(င)(စ)(ဈ) (ပ)(ဏ)(တ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆(ဃ)(င)(စ)၊ အပိုဒ်၇(က)(ခ)၊ အပိုဒ် ၈ (က)(ခ)(၁)(၂)

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ကာကွယ်ထိန်းသိမ်းလိုသော စိတ်ဓာတ်များ ဖြစ်ပေါ်စေရန် ပညာပေးခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ အဓွန့်ရှည်တည်တံ့စေရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(ဃ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထု ပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း၊

(င) ဒေသဆိုင်ရာ ပြတိုက်များတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်း များကို ပြသနိုင်ရန် ညွှန်ကြားခြင်း၊

(စ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှ တွေ့ရှိရသော ရှေးဟောင်း ဝတ္ထုပစ္စည်းများကို ထိန်းသိမ်း ထားရှိရန်နှင့် ခင်းကျင်းပြသရန် ဝတ္ထုပစ္စည်းနှင့် နေရာ ရွေးချယ်မှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်း၍ အတည်ပြု ဆုံးဖြတ်ခြင်း။

၇။ ဝန်ကြီးဌာနသည်-

(က) တစ်ဦးဦးက တစ်နည်းနည်းဖြင့် လက်ဝယ်ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို လာရောက်အပ်နှံပါက နိုင်ငံတော်ပိုင်ပစ္စည်း အဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်း ထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အပ်နှံသူအား အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုး ချီးမြှင့်ငွေကို ပေးအပ်ရမည်။

၈။ (က) ဝန်ကြီးဌာနသည် ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ် ရှိခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ယူဆသော ရှေးဟောင်း ဝတ္ထုပစ္စည်းကို သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင်သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်း တန်ဖိုး ချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ် အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) (၁) ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်း၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ ဘိုးဘွား စဉ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်း ဝတ္ထုပစ္စည်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (ဃ)(င)(စ)၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(က)(ခ)(၁)(၂) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊အပိုဒ် ၅(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (ဃ)(င)(စ)၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(က)(ခ)(၁)(၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁

၁၀။ ဦးစီးဌာနသည် -

(က) ဝတ္ထုပစ္စည်း တစ်ခုခုနှင့် စပ်လျဉ်း၍ ရှေးဟောင်း ဝတ္ထုပစ္စည်း စစ်မှန်ခြင်းရှိ မရှိ စိစစ်ရန် လိုအပ်ပါက နည်းဥပဒေအရ ဖွဲ့စည်းသော ရှေးဟောင်း ဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေပြီး အဆုံးအဖြတ် ပေးရမည်။

(ခ) ပုဒ်မခွဲ(က) အရ ဆောင်ရွက်ရာတွင် ရှေးဟောင်း ဝတ္ထုပစ္စည်း စစ်မှန်ခြင်းရှိ မရှိ အဆုံးအဖြတ်ပေးရေးအတွက် အငြင်းပွားဖွယ်ရာကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ ဦးစီးဌာန၏တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ)

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်း တစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အဆိုပါဝတ္ထုပစ္စည်းကို လိုအပ်သလို ထိန်းသိမ်း စောင့်ရှောက်၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးရုံးသို့ ဆက်လက်သတင်းပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံ ရရှိသည့် နေ့ရက်မှ ၇ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၁၄(က)(၄)

၁၄။ (က) (၄) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေး အလို့ငှါ ရှေးဟောင်း ဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၄ (က)(၄) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၄(က)(၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၈)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀

၁၅။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် သိန်းငါးဆယ်မှ အများဆုံးကျပ် သိန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံ ရှေးဟောင်းပစ္စည်းကို နိုင်ငံ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။

၁၆။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပုံစံပျက်ယွင်းစေခြင်း၊ ဖျက်ဆီးခြင်း ခွင့်ပြုချက်မရှိဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းပြုကြောင်း ပြစ်မှု

ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်းသုံးဆယ်မှ အများဆုံးကျပ်သိန်း ငါးဆယ်အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၇။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာ ရောင်းချရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းထားရှိခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ့်ငါးသိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်မရှိဘဲ အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံ ရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေး အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင် ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း၊

၁၉။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ သတင်းပေးပို့ရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၂၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သက်ဆိုင်ရာ ကျူးလွန်သည့် ပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၉)၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁ (ဂ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈(က)(ခ)(ဂ)

၂၁။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများအား တရားမဝင် တင်သွင်းမှု၊ တင်ပို့မှုနှင့် လွှဲပြောင်းမှု တားဆီး ကာကွယ်ရေး ကွန်ဗင်းရှင်းနှင့်အညီဟု ပြင်ဆင်ထားပါတယ်။

(ဂ) ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာ့မူရင်း ဖြစ်သော ရှေးဟောင်းဝတ္ထု ပစ္စည်းများအား ပြန်လည် တောင်းခံနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

၂၂။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သော မြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းစောင့်ရှောက် နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့တို့နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ၂၂ မှာ ဝန်ကြီး နည်းနည်းပြန်ကြည့်ပါ။ ဝန်ကြီးဌာန သည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သော မြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ် ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်း ဆောင်ရွက် နိုင်သည်။

ဆောင်ရွက်ရမည်ဆိုရင် ပိုမကောင်းဘူးလား။ နိုင် ဖြစ်နေတဲ့အခါကျတော့၊ သဘောတူလား။ ဝန်ကြီးသဘောတူလား။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဒီမှာသိမ်းယူနိုင်ရေး ဆိုတဲ့ ကိစ္စမှာလည်း ကျွန်တော်တို့က ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ကတော့ရင် မနေ့က ဆွေးနွေးကြတဲ့အထဲမှာ ကျွန်တော်တို့ မြေကိုသိမ်းတာ မဟုတ်ပါဘူး။ မြေကိုထိန်းသိမ်းဖို့ရာအတွက် နေရာသတ်မှတ်တာပဲ ဖြစ်ပါတယ်လို့ ဒါကိုလည်း ရှင်းပြခဲ့ပါတယ်။ ကျွန်တော်တို့ သိမ်းယူတာ မြေယာဥပဒေနဲ့ ဆက်စပ်နေလို့ ကျွန်တော်တို့ သိမ်းခွင့်တော့မရှိပါဘူးလို့ သို့သော်ငြားလည်း ဧရိယာတော့ ကျွန်တော်တို့ သတ်မှတ်လို့ရပါတယ်။ ဒီနေရာမှာလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအပြင်

တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းဆောင်ရွက်ရမယ်လို့ ကျွန်တော်တို့ ဆွေးနွေးခဲ့တာ ရှိပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့က ဆောင်ရွက်ရမည်ဆိုရင်တော့ ကျွန်တော်တို့က သက်ဆိုင်ရာ အဖွဲ့အစည်းနဲ့ ညှိကို ညှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတယ်။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ တူပါတယ်ခင်ဗျား။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဆောင်ရွက်ရမည်နော်။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ခုန ကျွန်တော်တင်ပြတဲ့ နေရာမှာလည်း နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးဆိုတာ ကျွန်တော်တို့ကတော့ ထိန်းသိမ်းဖို့အတွက် ဧရိယာ သတ်မှတ်တာပဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေကို စီမံခန့်ခွဲတာတော့ သက်ဆိုင်ရာ G.A ကလုပ်တာပေါ့။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်မဟုတ်လား။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လုပ်တာပေါ့။ ဒါကို ဝန်ကြီးဌာနကတော့ ညှိနှိုင်းဆောင်ရွက်ရမည် ဆိုရင်တော့ သူတို့နဲ့ ညှိနှိုင်းရမှာပေါ့။

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နိုင်သည်ဆိုတဲ့ အခါကျတော့ ဟို မလုပ်ဘဲနဲ့လည်း ရမှာလားဆိုတဲ့ သဘောဖြစ်ပါတယ်။ တကယ်တော့ ဥပဒေအရ မလုပ်ဘဲနဲ့တော့ မရဘူး။

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒီသဘောဖြစ်သွားတာပေါ့ နော်။

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

၂၃။ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု တွေ့ရှိပြီး သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၄။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ် ထိန်းသိမ်းခြင်း ပြုနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဝယ်ယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၂၅။ ပုဒ်မ ၁၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု အဖြစ် သတ်မှတ်သည်။

၂၆။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံး နိုင်သည်။

**ဥက္ကဋ္ဌ**။ ။ ဆရာကြီးဦးဝင်းမောင်၊ မဆန့်ကျင်သမျှနဲ့ မဆန့်ကျင်သရွေ့နဲ့ ဘယ်ဟာက ဥပဒေရေးထုံးမှာတော့ မဆန့်ကျင်သရွေ့လို့ပဲ တွေ့ဖူးတာများတယ်နော်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၁ ခေါင်းစဉ်၊ အပိုဒ် ၂၁(ဂ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈(က)(ခ)(ဂ)ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၁ ခေါင်းစဉ်၊ အပိုဒ် ၂၁(ဂ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဟိုဟာလေးကို နည်းနည်းလေးပြန်ကြည့်ပါဦး။ Defination အပိုင်းမှာ၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဈ)မှာ ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဥ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေစာပေါ့နော်၊ သားရေစာ၊ အော် တကယ်တော့ သွားရေစာဆိုတာကတော့ စားတဲ့အစာပေါ့၊ ဒါကတော့ သားရေစာ ဆိုတာကတော့ မှန်ပါတယ်။ မမှန်ဘူးမဟုတ်ဘူး။ မှန်တယ်။ သို့သော် နောင်ကို ကာလရွေ့လျော ပြီးတော့မှ အဓိပ္ပာယ်ဖွင့်ဆိုချက် မှားသွားမှာစိုးလို့၊ သားရေပေါ်တွင် ရေးသောစာဆိုရင် မှားစရာ အကြောင်းမရှိဘူးလို့ ထင်တယ်။ ဘာကြောင့်လဲဆို သတ်ပုံ၊ သတ်ညွှန်းက လူတိုင်းကနားမလည်ဘူးလေ၊ နော် စားတဲ့သားရေစာနဲ့ မှားသွားမှာစိုးလို့ တကယ်တော့ စားတဲ့သားရည်စာဆိုရင် သွား ရကောက် ညသတ်ရည်စလုံးရေးချစာ၊ သွားရည်စာ ဒါကတော့ အမှန်ကတော့ မှန်တယ်။ သားရေစာ၊ သားရေပေါ်တွင် ရေးသော စာဆိုရင်တော့ လုံးဝအငြင်းထွက်စရာမရှိတော့ဘူး။ ဘယ်လိုသဘောရလဲ။ ဟင်၊ ဝန်ကြီး

သဘောတူလား။ သတ်ပုံသတ်ညွှန်းနားလည်တဲ့ ပုဂ္ဂိုလ်အတွက်ကတော့ ပြဿနာမရှိဘူး။ နားမလည်တဲ့ ပုဂ္ဂိုလ်အတွက်ကျတော့ ပြဿနာရှိတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၂)၊ အပိုဒ် ၃ (က)(င)၊

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဆ)(ဇ)(ည)(ဋ)(ဌ)(ဍ)(ထ)(ဒ)(ဓ)(န)၊

အခန်း(၄)၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆(က)(ခ)(ဂ)၊ အပိုဒ် ၈(ခ)၊ အပိုဒ် ၉ ၊

အခန်း(၇)၊ အပိုဒ် ၁၄(က)(၁)(၂)(၃)(ခ)၊

အခန်း(၉)၊ အပိုဒ် ၂၁(က)(ခ)နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၁)၊ အပိုဒ် ၂(စ)(ဆ)၊ အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၉ တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၄)၊ အပိုဒ် ၆(ဃ)၊

အခန်း(၈)၊ အပိုဒ် ၁၈(ဂ) တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ ရှေးဟောင်းဝတ္ထု ပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ယဉ်ကျေးမှုဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၉။**

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေခင်ဗျာ။ ကျွန်တော်တို့ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ယဉ်ကျေးမှုဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြအပ်ပါတယ်။ တစ်ပိုဒ်ချင်းစီအလိုက် စိစစ်ပြီးဖြစ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ကို အဆို တင်သွင်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၀၉။**

**ဦးပေါ်လျံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ချင်းပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျံလွင် က ထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၄ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာ ကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးဝင်းမောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို တင်သွင်းဖတ်ကြားမှာဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၃၂၀
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်

၁။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃-၆-၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းကို ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်၊ ရန်ကုန်တိုင်းဒေသကြီး၊မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် တို့က ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် ကိုယ်စားလှယ်(၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၄-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ် ထိန်းသိမ်းရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ (င) ၏အောက်တွင် အပိုဒ် ၃၊ အပိုဒ်ခွဲ (စ) အဖြစ် ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆ ကို အပိုဒ် ၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၏အောက်တွင် အပိုဒ်ခွဲ (ဂ) အဖြစ် နိုင်ငံတော်အနှံ့တွင် တည်ရှိနေသော ရှေးဟောင်း အဆောက်အအုံများကို ရှာဖွေဖော်ထုတ်၍ ရှေးဟောင်း အဆောက်အအုံများစာရင်းတွင် ထည့်သွင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းဟု လည်းကောင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အပိုဒ် ၄၊ ခြေဆင်းကို အဓိပ္ပာယ် ပိုမိုကျစ်လစ်မှုရှိ စေရန်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါအဆောက်အအုံများကို ရှေးဟောင်း အဆောက်အအုံများဟု သတ်မှတ်သည်ဟုလည်း ကောင်း၊ အပိုဒ် ၇ ကို အပိုဒ် ၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၆၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ရှေးဟောင်း အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း ဆိုသည့်စကားရပ်အစား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအပြင် လိုအပ်ပါက ပြည်တွင်း ပြည်ပ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍

ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း ဆိုသည့် စကားရပ်များဖြင့် အသီးသီးပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၂၆ တွင် ဖော်ပြထားသော တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော် အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည် ဆိုသည့်စကားရပ်အစား တည်ဆဲဥပဒေနှင့် အညီ နိုင်ငံတော်အကျိုးငှာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ထို့အပြင် ဥပဒေတစ်ရပ်လုံးတွင် စကားရပ်များ ပြောင်းလဲခြင်း၊ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပြောင်းလဲသွားသော အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း အသေးစိတ်ကို ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဝန်ကြီးကို တစ်ပိုဒ်ချင်းစီမေးရင် ထိုင်လိုက်၊ ထလိုက် ဖြစ်နေမှာစိုးတဲ့အတွက် ဝန်ကြီး ပြောချင်တဲ့အချိန်မှာ အသံပြုပြီးတော့ မိုက်တောင်းပြီးတော့ ပြောပါ။

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ သီးသန့်တင်ပြစရာ မရှိပါဘူး ခင်ဗျား။ လိုက်နာမှတ်သား ဆောင်ရွက်ပါ့မယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၇၇ ခုနှစ်၊    လ    ရက်

( ၂၀၁၅ ခုနှစ်၊    လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဥ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ)

၁။ ဤဥပဒေကို ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ရှေးဟောင်းအဆောက်အအုံ ဆိုသည်မှာ မြေပေါ်တွင် ဖြစ်စေ၊ မြေအောက်တွင် ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း (၁၀၀) နှင့် အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝ ပတ်ဝန်းကျင် နေရာများ အပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများကို ဆိုသည်။

(ခ) ရှေးဟောင်းစာရင်းဝင် အဆောက်အအုံ ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ရှေးဟောင်းအဆောက်အအုံများ၏ စာရင်းတွင် ပါဝင်သော အဆောက်အအုံကို ဆိုသည်။

(ဂ) ကာကွယ်ထိန်းသိမ်းခြင်း ဆိုရာတွင် အခွန့်ရှည်တည်တံ့စေရန် အလို့ငှာ ရှေးဟောင်း အဆောက်အအုံနှင့် ယင်း၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထိုအဆောက်အအုံကို ဝင်းခြံကာရံခြင်းနှင့် အလွယ်တကူ ဝင်ထွက်နိုင်ရန် လိုအပ်ချက်

နှင့်အညီ ပြုလုပ်ခြင်း၊ ရှေးမူမပျက် ပြန်လည် ပြုပြင် ထိန်းသိမ်းခြင်း၊ အသစ်ပြန်လည် ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းတို့ကို ရှေးဟောင်းသုတေသန ဆိုင်ရာ အင်ဂျင်နီယာ နည်းလမ်း၊ ဓာတုဗေဒ နည်းလမ်းနှင့် အခြားနည်းလမ်းများ အပါအဝင် သိပ္ပံနည်းကျ ပြုပြင်ကာကွယ်ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။

(ဃ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(စ) ဦးစီးဌာနက လွှဲပြောင်းတာဝန်ပေးခြင်းခံရသည့်ဌာန ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ်၂(က)(ခ)(ဂ)(ဃ)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၂)၊ အပိုဒ် ၃ (ခ)(ဂ)(ဃ)(စ)(ဆ)

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်း အဆောက်အအုံများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ် ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ် ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးမြင့်မားမှုကို အများပြည်သူတို့ သိရှိ နားလည်နိုင်ကြစေရန် ဟု ပြင်ဆင်ထားပါတယ်။

(စ) ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းရန် ဟု ဖြည့်စွက်ထား ပါတယ်။

(ဆ) ရှေးဟောင်း အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)(စ)(ဆ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဃ)(င)(ဆ)(ဇ)

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါ အဆောက်အအုံများကို ရှေးဟောင်း အဆောက်အအုံများဟု သတ်မှတ်သည် -

(ဂ) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝ လိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာ နေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်း ဆင့်နှင့် ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ် ရုပ်ကြွင်းများ တွေ့ရှိရာ နေရာများ အပါအဝင် ဘူမိသဘာဝ ပတ်ဝန်းကျင်နေရာများ၊

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့်ဖိုများနှင့် ဆက်စပ်နေရာများ၊

(င) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသော နေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သော အဆောက်အအုံ၊ ဂူ၊ ပြဿဒ်ဟု ပြင်ဆင်ထားပါတယ်။

(ဆ) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်း သင့်သည့် အဆောက်အအုံများ ဟု ဖြည့်စွက်ထားပါတယ်။

(ဇ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှေးဟောင်း စာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဃ)(င)(ဆ)(ဇ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဃ)(င)(ဆ)(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၄)၊ အပိုဒ် ၅ (က)(ခ)(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (က)(ဂ)(ဃ)၊ အပိုဒ်၇(က)(ခ)၊ အပိုဒ် ၈ (က)(ခ)(၁)(၂)

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံများကို အစွန့်ရှည်တည်တံ့စေရန်ထိန်းသိမ်းခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း၊

**ဥက္ကဋ္ဌ**။ ။ (ခ) ဘာဖြစ်လို့ ထိန်းသိမ်းခြင်းပြီးတော့မှ ကာကွယ်ထိန်းသိမ်းခြင်း ထိန်းသိမ်း ဘာလို့ထပ်ထည့်တာလဲ တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းဆို လုံလောက်ပါတယ်။ တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်းဆိုလည်း ပြီးတာပဲ ဝန်ကြီး သဘောတူတယ်နော်။

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြခွင့်ပြုပါခင်ဗျား။ ရှေးဟောင်းအဆောက်အအုံများကို အစွန့်ရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းဆိုရာမှာ ထိန်းသိမ်းခြင်းကတော့ လက်ရှိဆောင်ရွက်နေတဲ့ Preservation ကို ဆိုလိုပြီးတော့မှ ကာကွယ်ထိန်းသိမ်းခြင်းကတော့ ကြိုတင်စိစစ်ခြင်း နဲ့ Protection ဟု ဆိုလိုတာလို့ ကျွန်တော်တို့က ရည်ရွယ်ပြီး ရေးခဲ့တာ ဖြစ်ပါတယ်။ ကာကွယ်ထိန်းသိမ်းခြင်း တစ်ခုတည်းနဲ့ နှစ်ခုလုံး လုံလောက်တယ် ဆိုရင်လည်းပဲ ကျွန်တော်တို့က ကန့်ကွက်ရန် မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ထိန်းသိမ်းပြုပြင်ခြင်း ဒါ Maintenance ကို ဆိုလိုတာပေါ့နော်။ ထိန်းသိမ်းပြုပြင်ခြင်း၊ ကာကွယ်ခြင်း ပိုရှင်းသွားတော့ပေါ့။ ပြန်ဖတ်ပြမယ်။

(က) ရှေးဟောင်းအဆောက်အအုံများကို အစွန့်ရှည် တည်တံ့စေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ ကာကွယ်ခြင်း၊

(ခ) ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်၊ လူ့ပယောဂနှင့် အခြားနည်းလမ်း တစ်ခုခုကြောင့် ပျက်စီးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဂ) နိုင်ငံတော်အနှံ့တွင် တည်ရှိနေသော ရှေးဟောင်း အဆောက်အအုံများကို ရှာဖွေဖော်ထုတ်၍ ရှေးဟောင်း အဆောက်အအုံများ စာရင်းတွင် ထည့်သွင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်း ဟုဖြည့်စွက်ထားပါတယ်။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတစ်ခုခုနှင့် စပ်လျဥ်း၍ အခွန့်ရှည် တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များအပြင် လိုအပ်ပါက ပြည်တွင်း ပြည်ပ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း၍ ရှေးဟောင်း အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း၊

**ဥတ္တ၄**။ ။ (နှင့် )တစ်လုံး ပိုနေတယ်။

(က) သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအပြင် လိုအပ်ပါက ပြည်တွင်း ပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း၍ ရှေးဟောင်း အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော ရှေးဟောင်း အဆောက်အအုံကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) နိုင်ငံတော်အတွင်းဒေသအသီးသီးရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားရှိခြင်း နှင့် ပြည်သူလူထု လေ့လာကြည့်ရှုနိုင်ရန် စီစဥ်ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာနသည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သည့်၊ လက်ဝယ်ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းအဆောက်အအုံ၊ ယဥ်ကျေးမှု အမွေအနှစ် ဆိုင်ရာ တန်ဖိုးရှိသည့် မည်သည့် အဆောက်အအုံကိုမဆို အပ်နှံပါကလက်ခံ၍ ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လက်ခံထိန်းသိမ်းထားသော ရှေးဟောင်း အဆောက်အအုံအား အပ်နှံသူ သို့မဟုတ် အဖွဲ့အစည်းသည် ပိုင်ဆိုင်ကြောင်း အထောက်အထား အခိုင်အမာ တင်ပြနိုင်သူကိုသာ အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်း အဆောက်အအုံ အတွက် သင့်လျော်သော ချီးမြှင့်ငွေ ပေးအပ်နိုင်သည်။

၈။ (က) ဝန်ကြီးဌာနသည် ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဍာန် ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း သို့မဟုတ် အကြောင်းကြောင်း

ကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင်ယူဆခြင်းခံရသော ရှေးဟောင်းအဆောက်အအုံကို သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ သင့်လျော်သော တန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသည်။

**ဥက္ကဋ္ဌ**။ ။ သင့်လျော်သော တန်ဖိုးချီးမြှင့်၍ ပိုင်ဆိုင်ခွင့် လွှဲပြောင်းရယူပြီး ဆိုမှ ပိုပြည့်စုံမယ် ထင်တယ်။ ဝန်ကြီး စဉ်းစားကြည့်ပါဦး။ တန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီးဆိုရင် ငှားတဲ့သဘောမျိုး ဖြစ်သွားမလားလို့ ပိုင်ဆိုင်ခွင့် လွှဲပြောင်းရယူပြီး ဆိုရင်တော့ အပိုင်ရသွားမှာပေါ့။

(ခ) (၁) တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ လက်ရှိ အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံနှင့် ဘာသာရေးဝတ်ပြု ကိုးကွယ်မှုအတွက် လက်ရှိ အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံ၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူ တစ်ဦးဦးနှင့် ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းအဆောက်အအုံ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(က)(ခ)(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (က)(ဂ)(ဃ)၊ အပိုဒ် ၇ (က)(ခ)၊ အပိုဒ် ၈ (က)(ခ)(၁)(၂) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ (က) (ခ)(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (က)(ဂ)(ဃ)၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(က)(ခ)(၁)(၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁

၁၀။ ဦးစီးဌာနသည် -

(က) အဆောက်အအုံတစ်ခုခုနှင့် စပ်လျဉ်း၍ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိမရှိ စိစစ်ရန် လိုအပ်ပါက နည်းဥပဒေအရ ဖွဲ့စည်းသော ရှေးဟောင်းအဆောက်အအုံ စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေပြီး အဆုံးအဖြတ်ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရှေးဟောင်း အဆောက်အအုံ စစ်မှန်ခြင်းရှိ မရှိ အဆုံးအဖြတ် ပေးရေးအတွက် အငြင်းပွားဖွယ်ရာကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ပညာရှင်အဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀ (က)(ခ)၊ အပိုဒ် ၁၁ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ)

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင် ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင် ဖြစ်စေ၊ နှစ်ပေါင်း (၁၀၀) နှင့်အထက် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံကို တွေ့ရှိသူသည် အဆိုပါ အဆောက်အအုံမှာ ရှေးဟောင်းအဆောက် အအုံ ဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပေးပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါ အဆောက်အအုံကို လိုအပ်သလို ထိန်းသိမ်း စောင့်ရှောက်၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက် သတင်းပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့်နေ့မှ (၇)ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

( ခ ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်း အဆောက်အအုံ စစ်မှန်ခြင်းရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်

ရှောက်ခြင်း သို့မဟုတ် ကာကွယ်ထိန်းသိမ်းစေခြင်းတို့ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၇)၊ အပိုဒ် ၁၄(က)(ခ)(ဂ)(စ)၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ) (င)(စ)(ဆ)၊ အပိုဒ် ၁၆

၁၄။ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေ အရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် နည်းဥပဒေများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအဆောက်အအုံတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလ လက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ် ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံများကို အင်္ဂတေသရွတ်ကိုင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသင်္ကန်းကပ်ခြင်း၊ ထီးတင်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် စသည်တို့တင်လှူခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ပြိုဟ်တိုင်၊ တံခွန်တိုင်၊ ရေကန်၊ ရုပ်တုများ၊ နတ်ရုပ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် အခြား အဆောက်အအုံများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံကို ဂေါပက သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ကာကွယ်ထိန်းသိမ်းခြင်း ဟု ပြင်ဆင်ထားပါတယ်။

၁၅။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဇရိယာအတွင်းတွင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေပါ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါ ပြုလုပ်မှု တစ်ခုခုကို မပြုလုပ်ရ -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများအား တိုးချဲ့ခြင်း၊

(ခ) ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ၊ လူနေအဆောက်အအုံများ အပါအဝင် အဆောက် အအုံ အသစ်များ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဂ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တု ရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံ အလုပ်ရုံ များ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ဆက်သွယ်ရေး တာဝါတိုင်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတား တည်ဆောက်ခြင်း၊ လေယာဉ်ကွင်း တည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံများစသော အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များ တူးဖော်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(င) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များဖြိုဖျက်ခြင်း၊

(စ) ပုဂ္ဂလိကပိုင်ဆိုင်သည့် အဝန်းအဝိုင်း၊ ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက် အအုံ များအား ထည့်သွင်းခြင်း၊ ခြံစည်းရိုး ခတ်ထားခြင်း၊

(ဆ) ရှေးဟောင်းအဆောက်အအုံ၏အနီးနှင့် ပတ်ဝန်းကျင် မြင်ကွင်း၌ ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း မရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၄ နှင့် ၁၅ တို့အရ လျှောက်ထားချက်ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ မြေအောက် လျှပ်စစ်ဓာတ်ကြိုးလိုင်းသွယ်တာ တို့လို မြေအောက် ဆက်သွယ်ရေး Fiber Optic လိုင်းသွယ်တာတို့လို ပါရဲ့လား။ ဒီဥပဒေထဲမှာ ပါရဲ့လား။ မြေပေါ်တွေပဲ ဖြစ်နေတယ်။ မြေပေါ်တွေပဲ ဖြစ်နေတဲ့အခါကျတော့ အခုက မြေအောက်တွေကပါ လုပ်လာတဲ့သဘော ရှိတာပေါ့။ ဓာတ်ငွေ့ပိုက်လိုင်း ပါနေတယ်လေ။ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းရဲ့ နောက်မှာ ဆက်သွယ်ရေး ၊ လျှပ်စစ် အဲဒါလေးထည့်ဖို့ ဝန်ကြီး လိုမလား။

**ဦးအေးမြင့်ကြူ(ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ကလည်း ကန့်သတ်တာ မဟုတ်ဘဲ ကြိုတင်ခွင့်ပြုချက် မရရှိဘဲလို့ သူ့ကို အခြေအနေ ပေးထားတဲ့အတွက် ကျွန်တော်တို့ လိုလောက်တာ ဖြစ်ပါတယ်။ ထည့်သင့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထည့်သင့်တယ်နော်။ ထည့်သင့်တယ်ဆိုရင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း ဆိုတာကလည်း သူက မြေအောက်လို့ မပါဘူး။ အပေါ်ကလည်း သွယ်တန်းတာတွေ ရှိတာပေါ့နော်။ မြေအောက်အတွက်ကို (ဂ)နဲ့ (ဃ) ကြားထဲမှာ ထည့်ဖို့ လိုမယ်ထင်တယ်။

**ဥက္ကဋ္ဌ**။ ။ မြေအောက်တွင် လျှပ်စစ်သွယ်တန်းခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ သွယ်တန်းခြင်းနှင့် အခြား ဒီလိုလေး စဉ်းစားကြည့်ရအောင် တိုင်ပင်တာပေါ့။ ဝန်ကြီးလည်း အပိုဒ်ခွဲလေးနဲ့ မြေအောက်တွင် လျှပ်စစ်သွယ်တန်းခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ သွယ်တန်းခြင်းနှင့် အခြားမြေအောက် လုပ်ငန်းများ နောင် ဘာတွေ ပေါ်လာမလဲ မသိဘူးနော်။ အဲဒီတော့ အခြားမြေအောက်လုပ်ငန်းများ ဆိုတာလေး ထည့်လိုက်နော်။ အဲဒီနေရာမှာ ဒါ (ဃ) ဖြစ်သွားမယ်။ (ဃ) သည် (င) ဖြစ်သွားမယ်။ (င)သည် (စ) ဖြစ်သွားမယ်။ (စ)သည် (ဆ)၊ (ဆ) သည် (ဇ)

(ဇ) ရှေးဟောင်းအဆောက်အအုံ၏အနီးနှင့် ပတ်ဝန်းကျင်မြင်ကွင်း၌ ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း မရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၄ နှင့် ၁၅ တို့အရ လျှောက်ထားချက်ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၄ (က)(ခ)(ဂ)(စ)၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၁၆ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၄(က)(ခ)(ဂ)(စ)၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၈)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၀(က)(ခ)

၁၇။ မည်သူမျှ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော ရှေးဟောင်းအဆောက်အအုံ တွေ့ရှိပါက ဤဥပဒေပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၈။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်အတွင်းတွင် ဦးစီးဌာန၏စာဖြင့် ခွင့်ပြုချက်မရရှိဘဲ အောက်ပါ ပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ -

( ခ ) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကို ဖြစ်စေ၊ မူလလက်ရာကို ဖြစ်စေ ပြောင်းလဲစေရန် ပြုလုပ်ခြင်း၊

၁၉။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်း စာရင်းဝင်အဆောက်အအုံမှ သတ်မှတ်ထားသော ဧရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော အောက်ပါ ပြုလုပ်မှု တစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ရှေးဟောင်းအဆောက်အအုံကို ဦးစီးဌာန၏ စာဖြင့်ခွင့်ပြုချက်မရရှိဘဲ စီးပွားရေးအလို့ငှာ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင် ရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ် ပြုလုပ်ခြင်း၊

( ခ ) ရှေးဟောင်းအဆောက်အအုံကို တုန်ခါမှုမျိုး ဖြစ်ပေါ်စေသော ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များ သွားလာခြင်း၊

**ဥက္ကဋ္ဌ**။ ။ ရှေးဟောင်းအဆောက်အအုံကို တုန်ခါမှုမျိုး ဖြစ်ပေါ်စေသော ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များ သွားလာခြင်းဆိုတော့ ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်ထားသော နေရာအတွင်း ဒီလို ဖြစ်ရမှာပေါ့ မဟုတ်ဘူးလား။ ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်နယ်မြေအတွင်း သတ်မှတ်နယ်မြေလို့သာ လုပ်လိုက်ပါတော့။ သတ်မှတ်နယ်မြေအတွင်း တုန်ခါမှုမျိုး ဖြစ်ပေါ်စေသော ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များ သွားလာခြင်း ၊ သတ်မှတ်နယ်မြေအတွင်း တုန်ခါမှု၊ တုန်ခါမှုမျိုးဆိုတာ (မျိုး) မလိုဘူး။ (မျိုး) ဆိုလို့ရှိရင် တုန်ခါမှုရဲ့ အကြီးအသေး၊ ဘာညာစကားပြောနေဦးမယ်။ ဘယ်လို တုန်ခါမှုဖြစ်ဖြစ်ပဲ၊ သတ်မှတ်နယ်မြေအတွင်း တုန်ခါမှု ဖြစ်ပေါ်စေသော ယာဉ်ယန္တရားကြီးများ၊ ကုန်တင်ယာဉ်များ။

**ဦးအေးမြင့်ကြူ (ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ယာဉ်ထဲမှာ ယာဉ်ယန္တရားဆိုတာ ယာဉ်ထဲမှာ ကုန်တင်ယာဉ် ပါသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ ယန္တရားက၊ ယန္တရားရဲ့ Operation က သက်သက်စဉ်းစားရမယ်၊ အဲဒီတော့ ဖြစ်ပေါ်စေသော ယန္တရားကြီးများ အသုံးပြုခြင်း။ သူက မမောင်းဘူးလေ၊ ရပ်ပြီးတော့ အသုံးပြုမှာ၊ ကုန်တင်ယာဉ်များ သွားလာခြင်း၊ ကုန်တင်ယာဉ်ဆိုတော့ ယာဉ်အမျိုးမျိုး သွားလာခြင်းဆိုရင် ပြီးတာပဲဗျာ။ ရထားလမ်းကြီး ဖောက်လာတာမျိုးလည်း မဖြစ်နိုင်ဘူးလား၊ မဟုတ်ဘူးလား။ ယာဉ်အမျိုးမျိုး သွားလာခြင်း၊ ဝန်ကြီး ကျွန်တော် ပြန်ဖတ်ပြမယ်။ (ခ) ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်နယ်မြေအတွင်း တုန်ခါမှုဖြစ်ပေါ်စေသော ယန္တရားအသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုး သွားလာခြင်း ဆိုရင် ဝန်ကြီးအနေနဲ့ ဘယ်လိုဖြည့်စွက်ချင်သေးလဲ။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ခွင့်မရှိခင် မူလကျွန်တော်တို့ တင်ပြချက်မှာကတော့

မည်သူမျှ ရွေးကောက်ပွဲအဆောက်အအုံမှ သတ်မှတ်ထားသော ဧရိယာအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲဆိုတာ ကျွန်တော်တို့က ကြိုတင်ခွင့်ပြု ချက်မရရှိဘဲဆိုတာကို အခြေအနေခံနဲ့ ထည့်ထားပါတယ်။ ပြင်ဆင်ချက်မှာတော့ ကြိုတင်ခွင့်ပြုချက် ဆိုတဲ့ ဒီဟိုဒင်းကို စာစုကို နုတ်ထားခဲ့တာရှိပါတယ်။ ဒီမှာလည်း ပြန်လည်စဉ်းစား ပေးဖို့ ပြောလိုပါတယ်။ နောက်ပြီးတော့မှ အဲဒီမှာ ဆက်လက်တင်ပြပါမယ်ဆိုလို့ရှိရင် ခုန ဥက္ကဋ္ဌကြီး လမ်းညွှန်ပြင်ဆင်ပေးတဲ့ ရွေးကောက်ပွဲ အဆောက်အအုံကို တုန်ခါမှုဖြစ်ပေါ်စေသော ယာဉ်ကြီးများ ဆိုတဲ့နေရာမှာ ယာဉ်အမျိုးမျိုးဖော်ပြနေတဲ့ နေရာမှာ လတ်တလော ကျွန်တော်တို့တွေ လိုက်ဆောင်ရွက်ပြီးတော့မှ မန္တလေးတိုင်းဒေသကြီး အစိုးရ အနေနဲ့ အမြဲတမ်းဆောင်ရွက်နေတဲ့ သရပါဂိတ်အတွင်းက ဖြတ်သွားတဲ့လမ်းဟာ ကျဉ်းမြောင်းနေ ပါတယ်။ သရပါဂိတ်အနားမှာ ယာဉ်ကြီးများ သွားရင်တော့ တုန်ခါမှုကြီးတွေ ဖြစ်စေနိုင်လို့ ရှောင်ကွင်း သွားဖို့ ဆောင်ရွက်နေခြင်းပင် ကျွန်တော်တို့က ယာဉ်အမျိုးမျိုး ယာဉ်များဆိုလို့ရှိရင်တော့ ကားလေးတွေကိုပါ ရှောင်ကွင်း ပြီးတော့ သွားရမယ့် လိုက်နာမှုမျိုး ဖြစ်သွားနိုင်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ သရပါဂိတ်ကို သရပါဂိတ်လမ်းကို ရှောင်ကွင်းပြီးတော့ ဘေးကနေ အရန်လမ်း စဉ်းစားမလား ဆိုတဲ့ကိစ္စကိုတော့ရင် ကျွန်တော်တို့ ဝန်ကြီးဌာနက အခု ဆွေးနွေးမှုတွေ၊ စဉ်းစားမှုတွေ ပြုလုပ်နေတာလည်း ရှိပါတယ်။ ဒါကတော့ လောလောဆယ် လက်ရှိအနေအထားဆိုတော့ နောင် ဥပဒေ ဖြစ်ပေါ်လာတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ဆက်လက်ပြီး ဥပဒေရဲ့ အကျိုးသက်ရောက်မှုကို လိုက်နာမှုကို စိစစ်ရာမှာလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ရင် ကျွန်တော်တို့ မူလအတိုင်းမှာ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆိုတာလေး ခံထားပေးမလား။ နောက်တစ်ခုက ယာဉ်အမျိုးမျိုး ဆိုတဲ့နေရာမှာလည်း ယာဉ်များကို အလေးချိန်ဖြင့်၊ တန်ဖြင့် ကန့်သတ်ခြင်း၊ အင်ဂျင်ပါဝါဖြင့် ကန့်သတ်ခြင်းမျိုးကို Regulation မှာ ထည့်ပေးလိုက်မယ်ဆိုရင်လည်း ကျွန်တော်တို့ လိုက်နာဆောင်ရွက်သွားပါမယ်။ ယာဉ်အားလုံး ဆိုရင်တော့ ယာဉ်အားလုံးက အသေး၊ အကြီး အကုန် သွားနေတာဖြစ်တဲ့အတွက် ဒီမှာ ဥပဒေရဲ့ လိုက်နာ စေမှုမှာ ကန့်သတ်မှုများသွားမလားလို့ ကျွန်တော်တို့လည်း စဉ်းစားမိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သူက တုန်ခါမှုပါတယ်။ တုန်ခါမှုဖြစ်ပေါ်စေသော ယန္တရားအသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုးသွားလာခြင်း တုန်ခါမှုဖြစ်ပေါ်စေသော ဆိုတာနဲ့ အဲဒါနဲ့ သတ်မှတ်ထားတာပေါ့နော်။ တုန်ခါမှု မဖြစ်ဘူးဆိုရင်တော့လည်း ဘယ်ယာဉ်ဖြစ်ဖြစ် သွား။ တုန်ခါမှုဖြစ်တယ်ဆိုရင်တော့လည်း သေးရင်လည်း မရဘူး၊ ကြီးရင်လည်းမရဘူး။ ဒီဥစ္စာကတော့ ရှေ့မှာ မည်သူမျှ ရွေးကောက်ပွဲ အဆောက်အအုံ သို့မဟုတ် ရွေးကောက်ပွဲစာရင်းဝင် အဆောက်အအုံမှ သတ်မှတ်ထားသော ဧရိယာ အတွင်းတွင် ရွေးကောက်ပွဲအဆောက်အအုံကို ထိခိုက်စေသော အောက်ပါပြုလုပ်မှု တစ်ခုခုကို ကြိုတင် ခွင့်ပြုချက် မရဘဲ ဒါလေး ထည့်ချင်တာ။ ကြိုတင်ခွင့်ပြုချက်မရဘဲ၊ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ။ ဒီလို ထည့်လိုက်။ မရဘဲ။ ကောင်းပါတယ်။ ဦးစီးဌာန၏ စာဖြင့် ခွင့်ပြုချက် မရရှိဘဲဆိုတာ မလိုတော့ဘူး (က)မှာ။ အဲဒီတော့ ပြန်ဖတ် ပြမယ် ၁၉ ကို။ ထိုင်ကြပါ။

၁၉။ မည်သူမျှ ရွေးကောက်ပွဲအဆောက်အအုံ သို့မဟုတ် ရွေးကောက်ပွဲ စာရင်းဝင်အဆောက်အအုံမှ သတ်မှတ်ထားသော ဧရိယာအတွင်းတွင် ရွေးကောက်ပွဲအဆောက်အအုံကို ထိခိုက်စေသော အောက်ပါ ပြုလုပ်မှု တစ်ခုခုကို စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ ဆိုတဲ့အတွက် ထိခိုက်စေသော

ဆိုရင်တော့ စာနဲ့လည်း ခွင့်ပြုလို့မရဘူး ထိခိုက်နိုင်သော ဆိုမှသာ၊ ထိခိုက်နိုင်သော ဖြစ်ရမယ်။ ထိခိုက်နိုင်သော ထိခိုက်နိုင်သည်ဟု ယူဆရသော ဒါမှ စာနဲ့ စိစစ်ပေးရင် ခွင့်ပြုနိုင်မယ်လေ။ ထိခိုက်စေသော ဆိုရင်တော့လည်း စာနဲ့လည်း ခွင့်ပြုလို့မရဘူး။

အဲဒီတော့ ရှေးဟောင်းအဆောက်အအုံကို ထိခိုက်နိုင်သည်ဟု ယူဆရသော အောက်ပါပြုလုပ်မှု တစ်ခုခုကို စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ။

(က) ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ရှေးဟောင်းအဆောက်အအုံကို စီးပွားရေး အလို့ငှာ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင် ရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ် ပြုလုပ်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်နယ်မြေအတွင်း တုန်ခါမှုဖြစ်ပေါ်စေသော ယန္တရားအသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုး သွားလာခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံ၏အနီး ထွန်ယက် စိုက်ပျိုးခြင်း၊ ဥယျာဉ် စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များ မွေးမြူခြင်း၊ ပိတ်ဆို့၍ ခြံစည်းရိုးများ ပြုလုပ်ခြင်း၊ ခြံစည်းရိုးများ ကာရံခြင်းဖြစ်မှာပေါ့။ ဘာလို့ ပြုလုပ်ခြင်း ဖြစ်တာလဲ။

(ဂ) ရှေးဟောင်းအဆောက်အအုံ၏အနီး ထွန်ယက် စိုက်ပျိုးခြင်း၊ ဥယျာဉ် စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ပိတ်ဆို့၍ ခြံစည်းရိုးများ ကာရံခြင်း၊ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေနိုင်သည့် အခြားဆောင်ရွက်မှု တစ်စုံတစ်ရာ ပြုလုပ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဃ) ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော မီးပုံးပျံကဲ့သို့ ဓာတ်ငွေ့ ထုတ်လွှတ်သည့်ကိစ္စများ ဆောင်ရွက်ခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ထိခိုက်စေနိုင်သော သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များ တက်ဆင်းခြင်း၊ ပျံသန်းခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ဓာတုပစ္စည်းများ စွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်း။

၂၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံးကျပ် တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၁၄ ပါ ပြုလုပ်မှုတစ်ခုခုကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ ပြုလုပ်ခြင်း၊

(ခ) ပုဒ်မ ၁၉ ပါ ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၀(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် လက်ငင်း ပြင်ဆင်ဖြည့်စွက်ချက် အပါအဝင် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၂၀(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(ခ)၊ အပိုဒ် ၂၅

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

၂၃။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ငါးနှစ်မှ အများဆုံး ထောင်ဒဏ် တစ်ဆယ်နှစ် အထိ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

၂၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါ အမိန့် တစ်ခုခုကိုလည်း ချမှတ်ရမည် -

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ တူးမြောင်း သို့မဟုတ် မွေးမြူရေး ကန်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

၂၅။ မည်သူမဆို ပုဒ်မ ၂၄ အရ ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက် သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(ခ)၊ အပိုဒ် ၂၅ ပြင်ဆင် ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(ခ)၊ အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ (က)(ခ)(ဂ)

၂၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတည်ရှိသော မြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၇။ ရှေးဟောင်းအဆောက်အအုံတစ်ခုခု တွေ့ရှိသူ၊ သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းအဆောက်အအုံနှင့် စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူ ရမည်။

၂၈။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံကို ကာကွယ်ထိန်းသိမ်းနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံကို လွှဲပြောင်း ရယူရန် ဖြစ်စေ၊ စေတနာအလျောက် လှူဒါန်းသော ငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း နှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၂၉။ ပုဒ်မ ၂၀ နှင့် ၂၁ တို့ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့ ဖွဲ့စည်းရန် ဝန်ကြီး ဌာန သည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လို့တော့ မရဘူး။ အစိုးရ အဖွဲ့နဲ့ပဲ။ ရဲတပ်ဖွဲ့၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့ ဖွဲ့စည်းရန် ဝန်ကြီးဌာနသည် ရပြီ။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနဟု တင်ပြရခြင်းအကြောင်းကတော့ ကျွန်တော်တို့ Culturity Heritage Police အတွက်ကို ပြည်ထဲရေးဝန်ကြီးဌာနကိုပဲ အကူအညီတောင်းခံရယူ ဆောင်ရွက်ခွင့် တောင်းခံတာပါခင်ဗျား။

ကျွန်တော်တို့အနေနဲ့က သီးသန့် အဖွဲ့အစည်း ဖွဲ့ဖို့ အင်အားမှာ တခြားသူတို့ရဲ့ လုပ်ထုံးလုပ်နည်းတွေ ညှိစွန်းနေမှာ စိုးလို့ပါ။ ပြည်ထဲရေးဝန်ကြီးဌာနကိုပဲ တောင်းချင်တဲ့ အခွင့်အရေးပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဲဒါဆိုတော့ ရဲတပ်ဖွဲ့ ဖွဲ့စည်းရန် ဆိုတာ မဖြစ်နိုင်တော့ဘူး။ ရှေးဟောင်း အဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာနသည် ဆိုတာ ထိပ်ကို ပို့ရမယ်။

၃၁။ ဝန်ကြီးဌာနသည် Subject ကို ရှေ့ကိုပို့။ ဝန်ကြီးဌာနသည် ရှေးဟောင်း အဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဆောင်ရွက်ပေးရန် အဲဒီလို ရှိရမှာပေါ့။ ရဲတပ်ဖွဲ့ မဖွဲ့ဘူးဆိုရင်တော့ အဲဒီလို ရေးရမှာပေါ့။

ဝန်ကြီးဌာနသည် ရှေးဟောင်း အဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲတပ်ဖွဲ့ ဖွဲ့စည်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ ဒီ သူက တစ်ဖက်က ကြည့်ရင်လည်းပဲ လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်နေတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ကလည်း သူ့ကို ကွပ်ကဲမှုယူဖို့လည်း ခက်ပါတယ်။အဲဒီတော့ ဒါကြောင့်မို့ ပြည်ထဲရေးဝန်ကြီးဌာနကပဲ ကျွန်တော်က အကူအညီ ရယူချင်တာ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ကို ပြည်ထဲရေး ဝန်ကြီးဌာနက ပေးမယ်ဆိုရင် ကျွန်တော်တို့က စီမံခန့်ခွဲရေးကိစ္စများမှာ အများကြီး ပေါ့ပါးသွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် လိုက်နာပါ့မယ်။

**ဥက္ကဋ္ဌ**။ ။အဲဒီတော့ အခု ပြင်ပေးတဲ့အတိုင်း သဘောတူလား။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ဟုတ်ကဲ့လိုက်နာပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ထိုင်ပါ။

၃၂။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြား ချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ကိုပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန် နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ (က)(ခ)(ဂ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ (က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂(င)၊

အခန်း(၂)၊ အပိုဒ် ၃ (က)(င)၊

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(စ)၊

အခန်း (၈)၊ အပိုဒ် ၁၈(က)(ဂ)(ဃ)၊

အခန်း(၉)၊အပိုဒ် ၂၄(က)(ဂ)၊

အခန်း(၁၀)၊ အပိုဒ် ၃၀ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၄)၊ အပိုဒ် ၅(ဃ)၊ အပိုဒ် ၆(ခ)၊ အပိုဒ် ၈(ခ)၊ အပိုဒ် ၉၊

အခန်း(၇)၊ အပိုဒ် ၁၄(ဃ)(င)တို့ကို မူလအဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၄)၊ အပိုဒ် ၅၊ အပိုဒ် ၇ (ဃ)၊

အခန်း(၇)၊ အပိုဒ် ၁၅(ခ)(ဂ)(ဃ)၊

အခန်း(၈)၊ အပိုဒ် ၁၈(ဃ)(င)(စ)(ဇ)(ဈ)၊ အပိုဒ် ၁၉ (က)(ခ)(ဂ) (ဃ)(င)(စ)(ဆ)၊

အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးမြညိမ်း၊ ဒုတိယဥက္ကဋ္ဌ**။ ။ ပထမ အတည်ပြုထားတဲ့ဥပဒေ ကာကွယ်ထိန်းသိမ်း ဥပဒေကြမ်းမှာ အပိုဒ် ၁၁ ပါ ခင်ဗျား။ အခု အဆောက်အအုံမှာလည်း အပိုဒ် ၁၁ ပါခင်ဗျား။ အဲဒီမှာ ဘာကွာလဲဆိုရင် မူလက ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။ အခု ကျွန်တော်တို့ အခု အတည်ပြုနေတဲ့ဥပဒေမှာကျတော့၊ ၁၁ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ပညာရှင်အဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။ ကွဲနေပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကွဲတယ်လေ။ ၁၀ မှာ ဦးစီးဌာနက ဒါကို စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ စစ်မှန်ခြင်း ရှိ/မရှိ အဆုံးအဖြတ်ပေးတဲ့အတွက် အငြင်းပွားဖွယ်ရာကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်လျှင် ဝန်ကြီးဌာန က ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။ နောက်တစ်ဆင့် ပါလာတယ်။ ဒီမှာ ဒါကြောင့်မို့လို့ သူက ပညာရှင်အဖွဲ့ရဲ့ အဆုံးအဖြတ်က အပြီးအပြတ် ဖြစ်စေရမည် ဆိုပါတာ။

**ဦးမြညိမ်း၊ ဒုတိယဥက္ကဋ္ဌ**။ ။ သို့သော် မူလဥပဒေမှာလည်း အဲဒီလိုပဲ ပါပါတယ် ခင်ဗျား။ ကျွန်တော်တို့ မူလ အတည်ပြုထားတဲ့ ရှေးဟောင်းပစ္စည်းမှာလည်း အဲဒီလိုပဲ ပါနေပါတယ်။ ပါတယ်ဆိုရင် ဒီမှာက ဝန်ကြီးဌာနရဲ့ ဖွဲ့စည်းထားတဲ့ ပညာရှင်အဖွဲ့ရဲ့ တင်ပြချက်ကို အဆုံးအဖြတ် ခံယူရမည်။ ဒါ ကျွန်တော်တို့ ၁၀(ခ)မှာပါ။ အဲဒီတော့ ၁၁ ကျတော့ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။ နောက် အခု ကျွန်တော်တို့ အတည်ပြုတဲ့ဟာမှာလည်း ဒီအတိုင်းပါပဲ။ ၁၀ (ခ) က အတူတူပါပဲခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက် အတည်ဖြစ်စေရမည်ဆိုတာတော့ ပိုကောင်း တာပေါ့။

**ဦးမြညိမ်း၊ ဒုတိယဥက္ကဋ္ဌ**။ ။ ပညာရှင်အဖွဲ့ရဲ့ တင်ပြချက်နဲ့ ဦးစီးဌာန၏ တင်ပြချက် နှစ်ခု ကွဲနေလို့ပါ ခင်ဗျား။ အဲဒါ ကွဲနေလို့ပါ။ တင်ပြတာပါ။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဝန်ကြီးဌာနရဲ့ အဆုံးအဖြတ်ဆိုကတော့ အကောင်းဆုံး ဖြစ်မှာပေါ့။

**ဦးမြညိမ်း၊ ဒုတိယဥက္ကဋ္ဌ**။ ။ အဓိပ္ပာယ်ကျတော့ တော်တော်လွဲသွားပြီ။ ဆုံးဖြတ်ချက် ချတဲ့ အခါကျတော့ ဟိုဘက်က ပညာရှင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို Final Conclusion၊ ဒီဘက်ကျတော့ ဝန်ကြီး ဌာနရဲ့ ဦးစီးဌာနရဲ့ဟာကို တင်ပြချက်ဆိုတော့

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက် အကောင်းဆုံးပဲ။ အဲဒီတော့ ဝန်ကြီး သဘောတူလား။ ပညာရှင်အဖွဲ့ရဲ့ အဆုံးအဖြတ်ထက်စာရင် ဝန်ကြီးဌာနရဲ့ အဆုံးအဖြတ် ကတော့ Government ကိုး။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီ ပစ္စည်းရော၊ အဆောက်အအုံရော နှစ်ခုလုံးရဲ့ ကျွန်တော်တို့ ရှေးဟောင်း စစ်မှန်ခြင်းရှိ/မရှိ စစ်ဆေးခြင်း ဆိုတဲ့ လုပ်ငန်းစဉ်မှ လွဲရင် ဥက္ကဋ္ဌကြီးလည်း သိပြီးသား ဖြစ်ပါတယ်။ အတူတူပါပဲခင်ဗျား။ ဒီမှာ စကားလုံးလေး ကွဲနေတာကို ဆိုလိုပါတယ်။ ဥပမာ ကျွန်တော် အဆောက်အအုံကို တင်ပြလို့ရှိရင် ယမန်နေ့က ရောက်ခဲ့တဲ့ ကမ်းပါးနီကျောက်နံရံကြီးတွေဆိုရင် ပန်းချီတော့ ရှိပါတယ်။ ဒီဟာ ရှေးဟောင်း ပန်းချီ ဟုတ်မဟုတ် စိစစ်ခြင်းဆိုတာ ဦးစီးဌာနနဲ့ ပညာရှင်များ ဆောင်ရွက်ပါမယ်။ တကယ်လို့သာ ဒီနေရာဟာ ရှေးဟောင်းအဆောက်အဦလို့ ယူဆခဲ့မယ်ဆိုရင် တခြားကျောက်တုံးတွေပေါ့ ဆိုလို့ရှိရင် အဲဒီနံရံတွေဆိုရင် ဒါ ပညာရှင်များကပဲ ကျွန်တော်တို့ကို တင်ပြမှာဖြစ်ပါတယ်။

အဲဒီတော့ ရှေးဟောင်း ပစ္စည်းမှာကျတော့ ခုနကပြောတဲ့ ပျူကျောက်စာပေါ့၊ ပျူကျောက်စာ ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့က ပညာရှင်တွေနဲ့ ပြန်တိုင်ပင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ရိုးလုပ်စဉ်မှာတော့ ဒီက မေးခွန်းရှင် ဒုတိယဥက္ကဋ္ဌကြီးပြောတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ပညာရှင် ကို အကုန် ပြန်တိုင်ပင်ပါတယ်။ အဲဒီတော့ ပထမ ပစ္စည်းမှာလည်းပဲ ပညာရှင်များ၏ ဆိုတဲ့ စာပိုဒ် ထပ်ထည့်ပေးရင်လည်း ကျွန်တော်တို့ ဆောင်ရွက်ရတာလုပ်နိုင်ပါတယ် ခင်ဗျား။ ပစ္စည်းမှာ ရှေးဟောင်း ပစ္စည်းမှာ၊

**ဥက္ကဋ္ဌ**။ ။ ပစ္စည်းကို ပြန်ပြင်ချင်တာလား။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဥ်ကျေးမှုဝန်ကြီးဌာန)**။ ။ ပစ္စည်းမှာက ပညာရှင် က မပါလို့ပါ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်လေ။ ဝန်ကြီးတင်ပြချက်က ပြီးခဲ့တဲ့ ဥပဒေကို ပြန်ပြင်ဖို့လား။ မနက်က ဥပဒေကို။

**ဦးမြညိမ်း၊ ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကလည်း ဦးစီးဌာနရဲ့ တင်ပြချက်အပေါ် ဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်--

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ မေးတာကိုဖြေ။ မနက်က ဥပဒေကို ပြန်ပြင်ဖို့ မဖြစ်နိုင်တော့ဘူးလား။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဥ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်။

**ဦးမြညိမ်း၊ ဒုတိယဥက္ကဋ္ဌ**။ ။ တူဖို့အရေးကြီးပါတယ်။

**ဥက္ကဋ္ဌ**။ ။ တူဖို့အတွက် ဒီမှာ ပြင်ရုံပဲရှိတယ်။ ဟုတ်ပြီနော်။ ဒီမှာ ဘယ်လိုပြင်မလဲ။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရှေးဟောင်းပစ္စည်းမှာ (၁၁)မှာ ပုဒ်မခွဲ (ခ)အရ ပညာရှင်အဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ် ဖြစ်စေရမည်။ အဆောက်အအုံ နဲ့တူအောင် လုပ်လိုက်ရတာဖြစ်တယ်။

**ဥက္ကဋ္ဌ**။ ။ အင်း။ အခုလည်း ဒီအတိုင်းပဲ မဟုတ်လား။ ရှေးဟောင်း အဆောက်အအုံ စစ်မှန်ခြင်းရှိ/မရှိနှင့် စပ်လျဥ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ပညာရှင်အဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်လေ။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဥ်ကျေးမှုဝန်ကြီးဌာန)**။ ။ ပညာရှင်အဖွဲ့ ထပ်ထည့်ရန်။

**ဥက္ကဋ္ဌ**။ ။ ပစ္စည်းတုန်းက။ ဟိုဟာ မပြောနဲ့ ဟိုဟာ ပြီးသွားပြီ။ ပြင်ချင်လို့ရှိရင် ပြည်ထောင်စုလွှတ်တော်မှာ ပြင်ပါ။ သဘောပေါက်လား ကိုမြညိမ်း။

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဥ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြချင်တာ တစ်ချက်ရှိပါတယ်။ အဆောက်အအုံရဲ့ ဥပဒေမှာပါ။ အခု ဆွေးနွေးတဲ့ ဥပဒေမှာပါ။ ကျွန်တော်တို့ အမှတ်စဥ်(၅) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ဖြည့်စွက်ထားတဲ့ အမှတ်စဥ်(၅) စာပိုဒ်(ဆ)ဖြစ်ပါတယ်။ အဲဒီမှာ ယဥ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာ လက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းပေးမယ့် အဆောက်အအုံများဆိုတဲ့ နေရာမှာ ကျွန်တော်တို့ သဒ္ဒါ သဘောအရ နိုင်ငံတော် မှ အစား နိုင်ငံတော် က လို့ ကျွန်တော် အဲဒါလေးကို --

**ဥက္ကဋ္ဌ**။ ။ မှန်တယ်။ မှန်တယ်။ မှ ဆိုရင် နေရာပြဖြစ်သွားမယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ ရှေးဟောင်းအဆောက်အအုံများ ကာကွယ် ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ယဉ်ကျေးမှုဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၉။**

**ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ပိုဒ်ချင်းစီအလိုက် စိစစ်ပြီးဖြစ်သော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၉။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းခြင်းကို ကျွန်တော်ဦးစိုင်းဝင်းမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှမ်း(၅)မှ ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်းအတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၉)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၉)ရက်မြောက်နေ့ကို ၁၂း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]